EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
THIELALLEE 19
14195 BERLIN
FEDERAL REPUBLIC OF GERMANY

# မြန်မာသံရုံး၊ ဘာလင်မြို့သို့ ပေးသွင်းထားသည့် အပြန်လေယာဉ်စရိတ် ပြန်လည်ထုတ်ပေးမည့်ကိစ္စ

၁။ နိုင်ငံခြားသားခင်ပွန်းအားမှီခိုနေထိုင်ကြသည့် ပြည်ပရောက် မြန်မာနိုင်ငံသား အမျိုးသမီးများအနေဖြင့် ၎င်းတို့နေထိုင်ရာနိုင်ငံများတွင် အခက်အခဲတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ထွက်ခွာနိုင်ရန်နှင့် အကူအညီပေးနိုင်ရန် အတွက် အပြန်လေယာဉ်စရိတ်များအား သက်ဆိုင်ရာမြန်မာသံရုံးများသို့ ပေးသွင်းစေပြီး အဆိုပါ ငွေများအား သက်ဆိုင်ရာသံရုံးများမှ စနစ်တကျ ထိန်းသိမ်းထားရှိခဲ့ပါသည်။

၂။ အပြန်လေယာဉ်စရိတ်ပေးသွင်းထားသူ မြန်မာနိုင်ငံသား အမျိုးသမီးများ အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် အခြားနိုင်ငံသားများအဖြစ် ခံယူသွားကြလျှင်ဖြစ်စေ၊ နိုင်ငံခြားသားခင်ပွန်းနှင့်ကွာရှင်းပြတ်စဲလျှင်ဖြစ်စေ၊ မိမိမှီခိုနေထိုင်သည့် ခင်ပွန်းကွယ်လွန်၍ ဖြစ်စေ မြန်မာသံရုံးမှ ခေတ္တထိန်းသိမ်းထားသည့် အပြန်လေယာဉ်စရိတ်အား သံရုံးမှ ငွေပေးသွင်းထားကြောင်း ထုတ်ပေးထားသည့်စာအား ပြသစေပြီး ပြန်လည်ထုတ်ပေးလျက်ရှိ ပါသည်။

၃။ ယခုအခါ နိုင်ငံခြားသားနှင့်လက်ထပ်၍ မှီခိုနေထိုင်ကြသည့် ပြည်ပရောက် မြန်မာနိုင်ငံသားအမျိုးသမီးများ၏ အပြန်လေယာဉ်စရိတ်ပေးသွင်းထားသည့်ကာလ (၃)နှစ် ပြည့်ပြီးဖြစ်ပါက ပြန်လည်ထုတ်ပေးရန် နိုင်ငံတော်အစိုးရမှ ညွှန်ကြားလာသည့်အတွက် သတ်မှတ်ကာလပြည့်ပြီးသူများအနေဖြင့် သံရုံးဖုန်းနံပါတ် +၄၉၃၀၂၀၆၁၅၇၀သို့ ရုံးဖွင့်ချိန် အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းနှင့် အောက်ဖော်ပြပါ အချက်အလက်များဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်-

(က) ကာယကံရှင်၏လျှောက်ထားစာ
(ခ) နိုင်ငံကူးလက်မှတ်မိတ္တူ
(ဂ) အပြန်လေယာဉ်စရိတ်ပေးသွင်းစဉ် မြန်မာသံရုံး၊ ဘာလင်မြို့မှ ထုတ်ပေးထားသည့်အထောက်အထား

မြန်မာသံရုံး၊ ဘာလင်မြို့
ဂျာမနီသမ္မတနိုင်ငံ
ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR 062 BERLIN

သို့

သံအမတ်ကြီး
မြန်မာသံရုံး
ဘာလင်မြို့

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **အပြန်လေယာဉ်စရိတ်ကို ကောင်းမွန်စွာ လက်ခံရရှိကြောင်း အစီရင်ခံ တင်ပြခြင်း**

ရှင့်

ကျွန်မ ဒေါ် -------------------------------- ၊ မြန်မာနိုင်ငံကူးလက်မှတ်အမှတ်၊ ----------------------------- မှ ------------------------------ ရက်နေ့တွင် ပေးသွင်းထားသည့် အပြန်လေယာဉ်စရိတ် ယူရို ၁၀၀၀ (ယူရိုတစ်ထောင်တိတိ) ကို ကောင်းမွန်စွာ လက်ခံရရှိပါကြောင်း ကျွန်မ၏ အောက်ပါကိုယ်ရေးအချက်အလက်များနှင့်အတူ အစီရင်ခံ တင်ပြအပ်ပါသည်-

| | | |
|---|---|---|
| ၁။ | အမည် | |
| ၂။ | အခြားအမည်များ(ရှိလျှင်) | |
| ၃။ | အသက်(မွေးသက္ကရာဇ်) | |
| ၄။ | မွေးရာဇာတိ | |
| ၅။ | လူမျိုး/ကိုးကွယ်သည့်ဘာသာ | |
| ၆။ | နိုင်ငံသား | |
| ၇။ | မြန်မာနိုင်ငံကူးလက်မှတ်အမှတ်နှင့် ထုတ်ပေးရက်စွဲ | |
| ၈။ | အမျိုးသားမှတ်ပုံတင်/နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် | |
| ၉။ | အမြဲတမ်းနေရပ်လိပ်စာ/ဖုန်း/အီးမေးလ် | |

**အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါကြောင်းနှင့် ပေးသွင်းထားသည့် အပြန်လေယာဉ်စရိတ် ယူရို ၁၀၀၀(ယူရိုတစ်ထောင်တိတိ)အား လက်ခံရရှိပါကြောင်း လက်မှတ်ရေးထိုးအပ်ပါသည်။**

လေးစားစွာဖြင့်

အမည်-------------------------

လက်မှတ်-------------------------